# အယ်ဒီတာအာဘော်

စာဖတ်သူအယောက်စီတိုင်းအား ယားဆွား (Yahshua) နာမတော်အားဖြင့် "Shalom" လို့ နှုတ်ခွန်း ဆက်သ အပ်ပါတယ်။ ကျွန်တော်တို့ (ခရစ်ယာန်) ဘာသာ အစပြုခဲ့တာဟာ နှစ်ပေါင်း တရာကျော်ရှိ ခဲ့ပြီးဖြစ်ပါတယ်။ ကျမ်းစာတော် သင်ကြား တတ်မြောက်၍ ဘွဲ့ဂုဏ်ထူးကြီးကြီးရရှိသူ အများပြားလည်း ရှိနေပြီဖြစ်ပါတယ်။ သို့သော်သမ္မာ ကျမ်းစာတော်ထဲတွင် အထူးအလေးထား ရေးသားထားသည့် အရာခပ်သိမ်းဖန်ဆင်းရှင်နှင့် သားတော်၏ နာမတော်မြတ်တို့ကို ယနေ့အချိန်ထိ လူအများက မသိနားမလည်ဖြစ်နေရခြင်း နှင့် သိရှိနားလည်သူများရှိသည့်တိုင် မသိကျိုးကျွံပြုကာ ဘေးဖယ်ထားကြခြင်းမှာ ဝမ်းနည်းဖွယ်ရာတခု ဖြစ်ပါတယ်။ ခမည်းတော်၏နာမတော် ယားဝေး (Yahweh) နှင့် သားတော်၏နာမတော် ယားဆွား တို့မှာ ကောင်းကင်နိုင်ငံတော် ကိုရောက်ရှိရန် မရှိမဖြစ် လိုအပ်သော အဓိကသော့ချက်တွေဖြစ်ပါတယ်။ ထို့ကြောင့် ခမည်းတော်နှင့် သားတော်၏ နာမတော်မြတ်တို့ကို လူအများသိရှိ နားလည် အသုံးပြုလာနိုင်ရန် ဤကဲ့သို့ ရေးသားတင်ပြ ခြင်းဖြစ်ပါတယ်။

ကျမ်းစားတော်အခြေပြု၍ မြန်မာဘာသာဖြင့် ရေးသားထုတ်သေသောစာအုပ်စာစောင်အများအပြား ရှိမည် ဖြစ်သော်လည်း ခမည်းတော်နှင့်သားတော်၏ ဤစာစောင်မှာ ပထမဆုံးစာစောင် ဖြစ်မည်ဟု ထင်ပါတယ်။ ခမည်းတော်၏ ကောင်ချီးပေးမှုကြောင့် ဤကဲ့သို့ ရေးသားထုတ်ဝေ နိုင်ခြင်းပင်ဖြစ်ပါတယ်။ နောက်နောင်တွင်လည်းရေးသားထုတ်ဝေ နိုင်ရေးအတွက် ဆုတောင်းပေးကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။ သမ္မာတရားကိုလိုလားမြတ်နိုးသူများ အတွက်အလို့ငှာ ရေးသားဖော်ထုတ်ခြင်းဖြစ်ရာ၊ ဘာသာရေးနှိမ့်ချမှု၊ ပုတ်ခတ်မှု၊ စော်ကားမှုအတွက် ရေးသားခြင်း အသုံးအနှုန်း၊ အထားအသို၊ စာလုံးပေါင်း မမှန်ကန်မှုများကို ခွင့်လွှတ်တတ်သော စိတ်နှင့် အကောင်းမြင်စိတ်ထား တို့ဖြင့် ပြင်ဆင် ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာဖတ်သူများအား မေတ္တာရပ်ခံ လိုသည်မှာ ဤစာစောင်တွင် အထူးသဖြင့် နာမတော်နှင့် ပတ်သက်သော ကျမ်းချက်များ ကိုးကားရေးသားရာ၌ ယခုလက်ရှိမြန်မာကျမ်းစာနှင့် (KJV, NIV) တို့ကိုကိုးကားပြီး ဘာသာပြန်ရေးသားထားခြင်း ဖြစ်ကြောင်း နားလည်သဘောပေါက်စေလိုပါတယ်။

ဤစာစောင်အရ ဤအသင်းတော်သည် အမည်နာမတော်ကိုသာ အလေးထားသည်ဟု ထင်မြင်ယူဆနိုင်ပါသည်။ ထိုသို့မဟုတ်ဘဲ ကယ်တယ်ရှင်၏ သွေးတော်ကအစ ကျမ်းစာတော်ပါ ခမည်းတော်၏ လမ်းစဉ်များကို လိုက်နာရန် ဖြစ်ကြောင်းကို ယုံကြည်လက်ခံသော အသင်းဖြစ်ကြောင်း၊ ကျမ်းစာတော်တွင် မတွေ့ရသည့် ရုပ်ဝတ္ထု ကိုးကွယ်သူများ၏ ထုံးတမ်းစဉ်လာမှ ဆင်းသက်လာသော ထုံးတမ်းစဉ်လာမှန်သမျှကို လိုက်နာစောင့်စည်းခြင်း လုံးဝမပြုရေးကို ယုံကြည် လက်ခံသည့်အသင်းဖြစ်ကြောင်း သတိပြုစေ လိုပါတယ်။ စာဖတ်သူအယောက်စီတိုင်းကို ခမည်းတော်ကောင်းချီးပေးပါစေ။

----------------------------

# The Sacred Name of The Father and of The Son

## ခမည်းတော်နှင့်သားတော်၏နာမတော်အကြောင်း

### (က) ခမည်းတော်၏နာမတော်အကြောင်း

၁။ ဖန်ဆင်းရှင်ရှိပါသလား

ဧလိုဟိမ်း (ဘုရားသခင်)မရှိဟု မိုက်သောသူသည်ထင်တတ်၏ (ဆာ ၁၄း ၁၊ ၅၃း ၁)

မတရားသောသူသည် မာနထောင်လွှားသောကြောင့်၊ မစဉ်းစားတတ်ပါ။ ဧလိုဟိမ်း မရှိဟု အစဉ်အောက်မေ့ တတ်ပါ၏။ (ဆာ ၁၀း၄)

နက်နဲသောအရာတို့ကို ဖွင့်ပြ၍၊ နောင်ကာလ၌ဖြစ်လတ္တံ့သောအရာတို့ကို နေဗုခဒ်နေဇာမင်းကြီးအား ပြောကြားတော်မူသော ဧလိုဟိမ်း တဆူသည် ကောင်းကင်ဘုံ၌ ရှိတော်မူ၏။ (ဒံ ၂း ၂၈)

(ကိုးကားရန်- တ ၁၄း ၁၇၊ ဟေဗြဲ ၁၁း ၆)

၂။ ဖန်ဆင်းရှင်ဧလိုဟိမ်းကိုသိရှိရန်လိုအပ်ပါသလား

. . . မီးရှို့ရာယဇ်ပူဇော်ခြင်းထက်ဧလိုဟိမ်းနှင့် ကျွမ်းဝင်ခြင်းကိုငှင်း ငါနှစ်သက်၏ (ဟော ၆း၆)

. . . သန့်ရှင်းတော်မူသောဧလိုဟိမ်းကို သိကျွမ်းသောသဘောသည် ဉာဏ်ဖြစ်၏။ (သု ၉း ၁၀)

နွားသော်လည်း မိမိအရှင်ကိုသိ၏။ မြည်းသော်လည်း မိမိသခင်၏မြင်းဇောင်းကိုသိ၏။

အစ္စရေးအမျိုးသားတို့မူကား ငါ့ကိုမသိကြ။ . . . (ဟေ ၁း ၃)

သင်တို့သည် ကိုယ်မသိသောအရာကို ကိုးကွယ်ကြ၏။ ငါတို့သည် ကိုယ်သိသောအရာကို ကိုးကွယ်ကြ၏။ (ယော ၄း ၂၂)

(ကိုးကားရန်- ယေ ၃း ၃၄၊ ဟေဗြဲ ၈း ၁၁)

၃။ ဖန်ဆင်းရှင်တွင် အမည်နာမရှိပါသလား

ကောင်းကင်ဘုံသို့ အဘယ်သူတတ်သနည်း။ အဘယ်သူဆင်းလာသနည်း။ အဘယ်သူသည် လေကို မိမိလက်နှင့် ဆုပ်ယူသနည်း။ အဘယ်သူသည် ရေကိုအဝတ်နှင့်ထုပ်ထားသနည်း။ မြေကြီးစွန်းရှိသမျှတို့ကို အဘယ်သူ တည်စေသနည်း။ ထိုသို့ပြုသောသူ၏အမည်နှင့်သူ၏သားအမည်ကားအဘယ်သို့နည်း။ သင်ပြောနိုင်သလော။ (သု ၃၀း ၄)

. . . သူတို့က ထိုဧလိုဟိမ်း(ဘုရား)၏ နာမတော်ကားအဘယ်သို့နည်း ဟု အကျွန်ုပ်ကို ပြန်၍ မေးသောအခါ အဘယ်သို့ပြန်ပြောရမည်နည်းဟု . . . (ထွ ၃း၁၃)

- ဖန်ဆင်းရှင်ကအမည်နာမကိုအလေးထား၍ သူဖန်ဆင်းသောအရာအားလုံးကို အမည်မှည့်ခေါ်ကာ၊ အားလုံးသောကြယ်တို့ကိုလည်း အမည်မှည့်ခေါ်၏။ (ဟေ ၄၀း ၂၆၊ ယောဘ ၉း ၉၊ အာ ၅း ၈)

၄။ ဖန်ဆင်းရှင်တွင် အမည်နာမအများအပြားရှိပါသလား

ကောင်းကင်ဘုံသို့အဘယ်သူတက်သနည်း။ အဘယ်သူဆင်းလာသနည်း။ အဘယ်သူသည်လေကို မိမိလက်နှင့် ဆုပ်ယူသနည်း။ အဘယ်သူသည် ရေကိုအဝတ်နှင့်ထုပ်ထားသနည်း။ မြေကြီးစွန်းရှိသမျှတို့ကို အဘယ်သူ တည်စေသနည်း။ ထိုသို့ပြုသောသူ၏အမည် (အနည်း/Singular) နှင့် သူ၏သားအမည်ကား အဘယ်သို့နည်း။ သင်ပြောနိုင်သလော။ (သု ၃၀း ၄)

ထိုနောက်မှငါကြည့်လျှင်၊ သိုးသူငယ်သည်ဇိအုန်ပေါ်မှာရပ်နေ၏။ သူ၏နာမနှင့်ခမည်းတော်၏နာမ (အနည်း/Singular) ကို နဖူး၌အက္ခရာတင်သောသူတသိန်း လေးသောင်း လေးထောင်သည် သူနှင့်အတူရှိကြ၏။ (ဗျာ ၁၄း ၁)

ယားဝေးဟူ၍ နာမတော်ရှိသောကိုယ်တော်တပါးတည်းသာလျှင် မြေကြီးတပြင်လုံးပေါ်မှာ အမြင့်ဆုံးသောသူ ဖြစ်တော်မူကြောင်းကို သိကြပါစေသော။ (သု ၈၃း ၁၈)

(ကိုးကားရန်- ထွ ၂၀း ၂၊ ယေ ၁၀း၊ မာ ၁၂း ၂၈-၂၉)

- ဘုန်းတန်ခိုးပြဘွဲ့ဂုဏ်ထူး (Title) အများအပြားရှိ၏။ (ဥပမာ- Elohim, Elshaddai, Yahweh Nissi, Yahweh Rapha)သို့သော် ကိုယ်ပိုင်နာမတော် (Proper Name) တခုသာရှိ၏။

၅။ ဖန်ဆင်းရှင်၏နာမတော်ကို သိရှိရန်လိုအပ်ပါသလား

သို့ဖြစ်၍ ငါ၏လူတို့သည် ငါ၏နာမတော်ကိုသိကြလိမ့်မည်။ . . . (ဟေ ၅၂း ၆)

နာမတော်ကိုသိသောသူတို့သည် ကိုယ်တော်ကိုယုံကြည်ကြပါလိမ့်မည်။ (ဆာ ၉း ၁၀)

သူသည်ငါ့ကိုချစ်သောကြောင့် သူ့ကိုငါကယ်နှုတ်မည်။ ငါ၏နာမကိုသိသောကြောင့် သူ့ကိုငါချီး မြှောက်မည်။ (ဆာ ၉၁း ၁၄)

(ကိုးကားရန်- ဆာ ၂၀း ၇၊ ၃၃း ၂၁၊ ၇၉း ၆၊ ယေ ၁၀း ၂၅၊ ယေဇ ၃၉း ၇)

## ၆။ ဖန်ဆင်းရှင်၏ နာမတော်ကားအဘယ်နည်း

. . . နာမတော်ကို ထောမနာသီချင်းဆိုကြလော့။ တော၌စီးကြွတော်မူသောအရှင်ဘို့လမ်းကိုပြင်ကြလော့။ ထိုအရှင်၏နာမတော်ကား၊ ယား (Jah) တည်း။ (ဆာ ၆၈း ၄ KJV ) (ယား (Jah/Yah))မှာ ယားဝေး အတိုကောက်ဖြစ်သည်။

ဖန်ဆင်းရှင်၏နာမတော်သည် ယားဝေး ဖြစ်ကြောင်းသက်သေပြသောသမိုင်းအထောက်အထားများ

- မောဘ (Moab) တို့၏ကျောက်တိုင်များ (ဘီစီ ၈၅၀) (၄ရား ၃း ၄)
- ရှေးခေတ်လာချေးစ် (Lachish) တို့၏ပေးစားများ (ဘီစီ ၅၈၉-၅၈၇)
- ရှေးခေတ်ပုရပိုက်စာ (Payri) များ
- ပင်လယ်ဒေသ /Dead Sea (QUMRAN) ဒေသမှ တူးဖော်ရရှိသော ဟေရှာယ (Isayah) သားရေစက္ကူ များ (အေဒီ ၁၉၄၆-၅၂ ခန့်)

ဖန်ဆင်းရှင်၏ နာမတော်သည် ယားဝေး (Yahweh) ဖြစ်ကြောင်းသက်သေပြသောစာအုပ်များ

Encyclopaedia Judaica, Vol-7, Page-679.
J.D Douglas' New Bible Dictionary, Page-9
Edward Horowitz, How The Hebrew Language (Grew, Page 30 & 333
Seventh Day Adventist Bible Commentary, Vol-I
The Oxford Cyclopaedic concordance, Page- 121
Webster's International Dictionary.

ဖန်ဆင်းရှင်၏နာမတော်သည် ယားဝေး (Yahweh) ဖြစ်ကြောင်း ကျမ်းစာဘာသာပြန်သူများ၏ ရေးသားချက်များ

The Smith Goodspeed Version, 1951, Preface, Page- 15
A New Translation, James Moffatt, Introduction, Page-21

ဖန်ဆင်းရှင်၏နာမတော်သည် ယားဝေး (Yahweh) ဖြစ်ကြောင်းကို ဟာလေလိုးယား (Hallelu-yah) ကလည်း သက်သေပြပါသည်။

ယားဝေး/ယား (Yahweh/Yah) ကိုအစွဲပြု၍မှည့်ခေါ်သော ပရောဖက်တို့၏နာမများက ဖန်ဆင်းရှင်၏ နာမတော်သည် ယားဝေး (Yahweh) ဖြစ်ကြောင်းကို သက်သေပြပါသည်။ (ဥပမာ-ဧလိယား၊ ဟေရှာယ (Isayah) ယေရိများ(Jeremyah)၊ သြဘဒီယား(Obadyah)၊ ယားရွှား(Yahshua၊ ယားခနန် (Yahchanan) (ယောဟန်)

ယားဝေးသည် သူ၏နာမတော်ကို မောရှေထံဖွင့်ပြောသည်။ (ထွ ၃း ၁၅၊ ၆း ၂၊ ၁၅း ၃၊ ၃၅း ၄)

ယောရှွား (ယားရွှား)သည် ယားဝေးနာမတော်ကိုသိရှိ အသုံးပြုသည်။ (ယော ၂၄း ၁၅)

ဒေဗစ် (David) သည် ယားဝေးနာမတော်ကိုသိရှိ အသုံးပြုသည်။ (ဆာ ၆၈း ၄၊ ၈၃း ၁၈)

ပရောဖက်များသည်လည်း ယားဝေးနာမတော်ကိုသိရှိ အသုံးပြုသည်။ (ဟေ ၄၂း ၈၊ ၅၁း ၁၅၊ ယေ ၃၃း ၂၊ ၁၀း ၁၆၊ ၂၅၊ ဟော ၁၂း ၅၊ အာ ၄း ၁၃၊ ၅း ၈၊ ၉း ၆၊ မာလ ၃း ၆)

ဖန်ဆင်းရှင်၏နာမတော်သည် ယေဟောဝါ (Jehovah) (သို့) (Jahvah) မဟုတ်ကြောင်း အထောက်အထားများ

အထက်ပါဖန်ဆင်းရှင်၏ နာမတော်သည် ယားဝေး (Yahweh) ဖြစ်ကြောင်းသက်သေ အထောက်အထားများက ဖန်ဆင်းရှင်၏ နာမတော်သည် ယေဟောဝါ (Jehovah) (သို့) (Jahvah) မဟုတ်ကြောင်း ကိုပြသည်။

အေဒီ ၁၅၂၀ ခုနှစ်ခန့်တွင် ကာသိုလိပ်ပညာရှင် Peter Galatinus က "ဖန်ဆင်းရှင်၏နာမတော်အက္ခရာ လေးလုံးသည် Jehovah ဖြစ်မည်ဟုပြောဆိုရေးသားရာ၊ နောက်ပိုင်းတွင် ပညာရှိ Le Mercier, J Drusius နှင့် L. Capellus တို့ကထောက်ခံခဲ့သည်။ ထို J နှင့်V အက္ခရာတို့ကို ဒတ်(ချ်)ပုံနှိပ်သမားGilly Bey ကတီထွင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ဟေဗြဲအက္ခရာ တွင် J နှင့်တူသည့်အက္ခရာမရှိပါ။ ထို့ကြောင့် ဖန်ဆင်၏နာမတော်သည် ယေဟောဝါ (Jehovah) (သို့) (Jahvah) မဖြစ်နိုင်ပါ။

၇။ ကမ္ဘာဦးခေတ်လူသားများကဖန်ဆင်းရှင်၏ နာမတော်ကို သိရှိအသုံးပြုကြပါသလား

အာဒံသည် ဖန်ဆင်းရှင်၏နာမတော် (ယားဝေ) ကိုသိရှိအသုံးပြုသည်။ (က ၄း ၁)

နောဧသည် ဖန်ဆင်းရှင်၏နာမတော် (ယားဝေ) ကိုသိရှိအသုံးပြုသည်။ (က ၈း၂၀)

အာဗြဟံသည် ဖန်ဆင်းရှင်၏နာမတော် (ယားဝေ) ကိုသိရှိအသုံးပြုသည်။ (က ၁၂း ၈၊ ၁၃း ၁၈၊ ၂၁း ၃၃)

ဣဇက်သည် ဖန်ဆင်းရှင်၏နာမတော် (ယားဝေ) ကိုသိရှိအသုံးပြုသည်။ (က ၂၆း ၂၄-၂၅)

ယာကုပ်သည် ဖန်ဆင်းရှင်၏နာမတော် (ယားဝေ) ကိုသိရှိအသုံးပြုသည်။ (က ၂၈း ၂၀-၂၂)

၈။ ဖန်ဆင်းရှင်၏နာမတော်အသံထွက်သိရှိနိုင်ပါသလား

Encyclopaedia Judaica, Vol-7, စာမျက်နှာ ၆၇၉ တွင် "ဖန်ဆင်းရှင်၏နာမတော်အသံထွက် လုံးဝမေ့ပျောက်ခြင်းမရှိဘဲ၊ အသံထွက်အမှန်မှာ "ia-we" (ယားဝေး) ဖြစ်ပါသည်။" ဟု ရေးသားထားသည်။

၉။ ဖန်ဆင်းရှင်၏နာမတော် ပြောင်းလဲပါသလား

ငါသည် ယားဝေ ဖြစ်၏။ ပြောင်းလဲခြင်းမရှိ။ . . . (မာ ၃း၆)

တဖန်ဧလိုဟိမ်းက၊ သင်တို့ကိုဘေးများ၏ဧလိုဟိမ်း တည်းဟူသော ယားဝေးသည် ၏၊ ငါ့ကိုသင်တို့ ရှိရာသို့ စေလွှတ်တော်မူပြီဟု အစ္စရေးအမျိုးသားတို့အားပြောရမည်။ ထိုအမည်သည် အစဉ်ငါ့အမည်ဖြစ်၏။ (ထွ ၃း ၁၅)

အိုယားဝေး၊ ကိုယ်တော်၏အမည်သည် နစ္စထာဝရဖြစ်၏။ အိုယားဝေး၊ ဘွဲ့နာမတော်သည် ကာလအစဉ် အဆက် တည်ပါ၏။ (ဆာ ၁၃၅း ၁၃)

နာမတော်သည် အစဉ်အမြဲတည်လိမ့်မည်။ (ဆာ ၇၂ း ၁၇)

၁၀။ ကယ်တင်ရှင်ယားဆွားနှင့် နောက်လိုက်တမန်တော်များက ဖန်ဆင်းရှင်၏နာမတော်ကို ခေါ်ဆိုအသုံးပြုပါသလား

ကယ်တင်ရှင်ယားဆွားသည ဖန်ဆင်းရှင်၏ နာမတော်ကိုခေါ်ဆိုအသုံးပြု၏။ (မ ၂၃း၃၉၊ ယော၂၁း၆၊ ၂၆)

ယားဆွားနောက်လိုက် လူထုကြီးသည် ဖန်ဆင်းရှင်၏ နာမတော်ကို ခေါ်ဆိုချီးမွမ်းကြ၏။ (မ ၂၁း၉)

ကေဖား (ပေတရု)သည် ဖန်ဆင်းရှင်၏ နာမတော်ကို ခေါ်ဆိုအသုံးပြု၏ (ရော ၁၀း၁၃၊ ဂလ ၁း၅)

ကယ်တင်ရှင် ယားဆွားက၊ ခမည်းတော်၏နာမတော်နှင့်ပတ်သက်ပြီး၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏နာမတော် သန့်ရှင်းစင်ကြယ်မှုရှိပါစေ။ နိုင်ငံတော်တည်ထောင် ပါစေသော။ ကောင်းကင်ဘုံ၌ အလိုတော်ရှိသကဲ့သို့၊ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။ (မ ၆း ၉-၁၀) ဟု ဆုတောင်းရန်မှာကြားထားသည်။ ကောင်းကင်ဘုံ၌ အလိုတော်ရှိသည့်အတိုင်း၊ (ဟေ ၉း၇) နိုင်ငံတော်ကို မြေကြီးပေါ်မှာ မတည်ထောင် (မပြည့်စုံ)ခင်၊ ကိုယ်တော်၏ နာမတော် သန့်ရှင်းစင်ကြယ်မှု ရှိရမည့်အကြောင်းကိုတွေ့ရှိရသည်။ ရုပ်ထုတို့၏နမာတော်ဖြင့် ညစ်ပေနေသော ကိုယ်တော်၏ နာမတော်သည် ယခုအခါ သန့်ရှင်းစင်ကြယ်မှုရှိလာနေပြီဖြစ်သည်။ သင်သည်ရုပ်ထု၏ နမတော်အားဖြင့် ကိုယ်တော်၏ နာမတော်ကို သန့်ရှင်းစင်ကြယ်စေရန် အချိန်တန်ပြီ။

၁၁။ ဖန်ဆင်းရှင်၏နာမတော် ကိုပြောဆိုကြွေးကြော်ရန် လိုအပ်ပါသလား

ကျွန်ုပ်သည် သင်၏နာမတော်ကို ညီအစ်ကိုတို့အားပြောကြားပါမည်။ . . . (ဆာ ၂း၂၂၊ဟေဗြဲ ၂း၁၂)

အကယ်စင်စစ် ငါတန်ခိုးကိုသင်၌ငါပြခြင်းငှားငှင်း၊ ငါ့နာမည်ကို မြေကြီးတပြင်လုံးတွင် ကြွေးကြော် စေခြင်းငှားငှင်း သင့်ကိုငါ ချီးမြောက်ခဲ့ပြီး။ (ထွ ၉း၁၆)

ဤလောကထဲမှယူ၍ အကျွန်ုပ်၌ အပ်ပေးတော်မူသောသူတို့အား အကျွန်ုပ်သည်ကိုယ်တော်၏ နာမတော်ကိုပြပါပြီ။ (ယော ၁၇း၆)

၁၂။ ဖန်ဆင်းရှင်၏ နာမတော်ကို ခေါ်ဆိုရန်လိုအပ်ပါသလား

ယားဝေး၏ ဂုဏ်တော်ကိုချီးမွမ်းကြလော့။ နာမတော်ကိုပဌနာပြုကြလော့။ (၅ရာ ၁၆း ၈)

အိုယာကုပ်အမျိုး၊ သင်သည်ငါ့နာမကို ပဌနာမပြု။ အိုအစ္စရေးအမျိုး သင်သည်ငါ့ကိုငြီးငွေ့သည်တကား။ (ဟေ ၄၃း ၂၂)

ကိုယ်တော်ကို မသိသောတပါးအမျိုးတို့အပေါ်သို့၎င်း၊ နာမတော်ကိုပဌနာမပြုသော တိုင်းနိုင်ငံတို့အပေါ် သို့၎င်း၊ အမျက်တော်ကို သွန်းလောင်းတော်မူပါ။ (ဆာ ၇၉း ၆၊ ယေ ၁၀း၂၅)

ထို့ကြောင့် ငါသည်နှုတ်ကပတ်တော်ကို မကြားမပြော နာမတော်ကိုအမှီပြု၍ မဟောဘဲနေမည်ဟု သဘောထားသော်လည်း . . (ယေ၂၀း ၉)

၁၃။ ကိုယ်တော်ကို ချီးမွန်းရာတွင် နာမတော်ကိုခေါ်ဆိုထောပနာပြုရန် လိုအပ်ပါသလား

သန့်ရှင်းသောနာမတော်၌ ဝါကြွားဝမ်းမြောက်ကြလော့။ . . . (၅ရာ ၁၆း၁၀၊ ဆာ ၉၆း၂၊ ၁၀၅း၃၊ ၁၀၆း၄၇)

. . . . အမြင့်ဆုံးသော ယားဝေးနာမတော်ကို ထောမနာသီချင်းဆိုပါမည်။ (ဆာ ၇း ၁၇)

ထို့ကြောင့် အိုယားဝေး အကျွန်ုပ်သည် . . . နာမတော်ကို ထောမနာသီချင်းဆိုပါမည်။ (ဆာ ၁၈း၄၉)

(ကိုးကားရန်-ဆာ ၃၄း၅၊ ၆၁း၈၊ ၆၉း၃၀၊ ၉၇း၁၂၊ ၉၉း၃၊ ၁၀၃း၁၊ ၁၃၅း၁၊ ၁၄၀း၁၃၊ ဗျာ ၁၉း၁၊ ၃၊ ၄၊ ၆၊ မ ၆း၉)

ဟာလေလိုးယား = Hallelu-yah = Praise be to Yah (Yahweh)

## ၁၄။ ဆုတောင်းရာတွင် နာမတော်ကို ခေါ်ဆိုရန် လိုအပ်ပါသလား

ထိုအခါယားဝေးနာမတော်ဖြင့် ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်ရကြ လတ္တံ့။ (ယောလ ၂း၃၂၊ တ ၂း၂၁၊ ရော ၁၀း၁၃)

(ကိုးကားရန် -ဇေ ၃း၉၊ ၁၂)

## ၁၅။ အဘယ့်ကြောင့် လက်ရှိကျမ်းစာများထဲတွင် ဖန်ဆင်းရှင်၏ နာမတော်မရှိတော့သနည်း

ဖန်ဆင်းရှင်၏ နာမတော်ကအစ၊ ယားဝေး၏ပညတ်တော်တို့ ပြောင်းလဲပစ်ခြင်းခံရမည့်အကြောင်းကို ပရောဖက်များက ဟောထားပြီးဖြစ်ပါသည်။ (ယေ ၂း၁၁၊ ၈း၈၊ ဒံ ၇ း၂၅၊ ၈း၁၂၊ ဇေ ၃း၄)

အမည်နာမ ကိုဘာသာပြန်မည်ရာတွင်၊ အဓိပ္ပာယ်ဖြင့်၄င်း၊ အစားထိုးပြောင်းလဲ၍၄င်း ဘာသာပြန်၍ မရပါ။ အသံထွက်အနီးစပ်ဆုံးဖြင့် ဘာသာပြန် (transliterate) ရန်ဖြစ်ပါသည်။ ကျမ်းစာဘာသာပြန်သူများက အမည်နာမအားလုံးနီးပါးကို အသံထွက်အနီးစပ်ဆုံးဖြင့် ဘာသာပြန် (transliterate) ထားသော်လည်း၊ ခမည်းတော်နှင့် သားတော်၏နာမတော် တို့ကို (နတ်ရုပ်တို့၏အမည်တို့ဖြင့်) အစားထိုးခဲ့ကြခြင်းကြောင့်၊ လက်ရှိကျမ်းစာများထဲတွင် ဖန်ဆင်းရှင်၏ နာမတော်မရှိတော့ခြင်းဖြစ်သည်။

## ၁၆။ ဖန်ဆင်းရှင်၏ နာမတော်သည် ဟေဗြဲဘာသာ (စကား) ဖြစ်ပါသလား

ယားဝေး (နာမတော်) သည် ဟေဗြဲဘာသာမဟုတ်ပါ။ ကောင်းကင်ဘုံမှ သူ့ကိုသူ ပြောဆိုမိန့်ဆြူသော နာမတော်ဖြစ်ပါသည်။ (က ၂၈း၁၃၊ ထွ ၃း၁၅၊ ဟေ ၄၂း၈)

ငါသည် ယားဝေးဖြစ်၏။ ထိုနာမည်ငါ့နာမဖြစ်၏။ (ဟေ ၄၂း၈)

သူ၏နာမ( ယားဝေး) ကိုလည်းလူအမျိုးမျိုးတို့သည် ကိုးစားကြလိမ့်မည်။ (မ ၁၂း၂၁)

## ၁၇။ မာလခ ၄း၅ အရ၊ ဧလိယား ဟာဘယ်သူလဲ

ဧလိယား = Eliyah = Yah (Yahweh) is my El (Elohim)

ယားဝေးသည် ကျွန်ုပ်၏ ဧလိုဟိမ်း (ဘုရား) ဖြစ်သည်။

- ဗတ္တိဇံဆရာ ယားခန်း (Yahchanan/John) သည် ဧလိယားဖြစ်သည်။ (မ ၁၁း၁၄)
- ကယ်တင်ရှင် ယားဆွားသည်လည်း ဧလိယားပင်ဖြစ်သည်။ (မ ၁၇း၁၀)

ထို့ကြောင့် ယားဝေးသည် ကျွန်ုပ်၏ဧလိုဟိမ်း(ဘုရား) ဖြစ်သည် ဟုလက်ခံယုံကြည်သူများသည် ဧလိယားများဖြစ်ကြသည်။ သို့ဖြစ်ရာ ဗတ္တိဇံဆရာ ယားခန်းနှင့် ကယ်တင်ရှင် ယားဆွားတို့ကဲ့သို့ ယားဝေးသည် ကျွန်ုပ်၏ ဧလိုဟိမ်း (ဘုရား) ဖြစ်သည် ဟုလက်ခံယုံကြည်သော ကျွန်ုပ်တို့မှာလည်း ဧလိယားများပင်ဖြစ်ကြသည်။

## ၁၈။ သတို့သမီးတကျိပ် ဥပမာစကား ပါ ဆီသည်အဘယ်နည်း (မ ၂၅း၁-၁၃)

- မီးခွက်သည် ယားဝေး၏နှုတ်ကပတ်တော်ဖြစ်သည်။ (ဆာ ၁၁၉း၁၀၅)
- ဆီသည် သန့်ရှင်းသောနာမတော် (ယားဝေး) ဖြစ်သည်။ (သီ ၁း၃)

ထို့ကြောင့် ပညာရှိသူတို့နှင့် မိုက်သောသူတို့၏ ခြားနားချက်မှာ–သန့်ရှင်းသောနာမတော်(ယာဝေး) ကိုပိုင်ဆိုင်ခြင်းနှင့် မပိုင်ဆိုင်ခြင်းပင်ဖြစ်ပါသည်။ သတို့သမီးတကျိပ် ဥပမာစကားအရ သင်သည်ပညာရှိသူ လား၊ မိုက်သောသူလား။

## ၁၉။ ခမည်းတော်၏နာမတော်မြတ် အားကိုးထိုက်ပုံ

ယားဝေးနာမတော်သည် ခိုင်ခံ့သောရဲတိုက်ဖြစ်၍၊ ဖြောင့်မတ်သောသူတို့သည် ပြေးဝင်သဖြင့် လုံခြုံနေ ရ၏။(သု ၁၈း၁၀)

ယားဝေကိုကြောင့်ရွံ့၍ နာမတော်ကိုအောက်မေ့သောသူတို့အဘို့ ရှေ့တော်တွင်စာရင်း၌ မှတ်သားလျက်ရှိ၏။ ထိုသူတို့သည်ငါစီရင်သောနေ့၌ ငါပိုင်ထိုင်သောဘဏ္ဍာတော်ဖြစ်ကြလိမ့်မည်။(မာလ ၃း၁၆–၁၇)

ထိုအခါ ယားဝေးနာမတော်ဖြင့် ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်ရ ကြလတ္တံ့။(ယောလ ၂း၃၂၊ တ ၂း၂၁၊ ရော ၁၀း၁၃)

သူသည်ငါ့ကိုချစ်သောကြောင့် သူ့ကိုငါနှုတ်မည်။ ငါ၏နာမည်ကိုသိသောကြောင့်သူ့ကိုချီးမြှောက် မည်။ (ဆာ ၉၁း၁၄)

ကိုယ်တော်ကိုမသိသောတပါးအမျိုးတို့အပေါ်သို့၄င်း၊ နာမတော်ကိုပဌာနမပြုသော ထိုင်းနိုင်ငံသားတို့ အပေါ်သို့၄င်း၊ အမျက်တော်ကိုသွန်းလောင်းတော်မူပါ။ (ဆာ ၇၉း၆၊ ယေ ၁၀း၂၅)

၂၀။ <u>ခမည်းတော်၏နာမတော်မြတ် ကြီးမြတ်လေးစားထိုက်ပုံ</u>

အိုးအကျွန်ုပ်၏သခင် ယားဝေး၊ နာမတော်သည်မြေကြီးတပြင်လုံး၌ အလွန်ကြီးမြတ်တော်မူ၏။ (ဆာ ၈း၁)

ကြီးမြတ်၍ကြောက်ရွံ့ဘွယ်သော နာမတော်ကိုချီးမွမ်းကြစေ။(ဆာ ၉၉း၃)

နာမတော်သည် သန့်ရှင်း၏ ကြောက်ရွံ့ရိုသေဘွယ်ဖြစ်၏။ (ဆာ ၁၁၁း၉)

––––––– အကြောင်းမူကား၊ ဂတိတော်နှင့်နာမတော်ကို သတင်းတော်ရှိသမျှထက် ချီးမြှောက်တော် မူ၏။ (ဆာ ၁၃၈း၂)

နာမတော်တပါးတည်းသာလျှင်မြတ်၍ ဘုန်းတော်သည် မြေကြီးနှင့်ကောင်းကင်အပေါ်ထင်၌ ရှိသောကြောင့် ယားဝေးနာမတော်ကိုချီးမွမ်းကြစေ။ (ဆာ ၁၄၈း၁၃)

အိုယားဝေး၊ ကိုယ်တော်နှင့် အဘယ်သူမျှမတူပါ။ ကိုယ်တော်သည်ကြီးမြတ်တော်မူ၏။ (ယေ ၁၀း၆)

၂၁။ <u>ယားဝေးကသူ၏ သူ၏နာမတော်ကိုအလေးထားပုံ</u>

ယားဝေးသည်မဟာနာမတော်ကိုထောက်၍ မိမိလူတို့ကိုစွန့်တော်မမူ။ (ပ ရာ ၁၂း၂၂)

သို့သော်လည်း၊ သင့်ကိုရှင်းရှင်းမပယ်ဖျက်ခြင်းငှါ၊ ငါသည်ကိုယ်နာမအတွက် ကိုအမျက်ကိုချုပ်တည်း မည်။ (ဟေ ၄၈း၉)

အိုအစ္စရေးအမျိုး၊ သင်တို့ကိုထောက်၍ ဤအမှုကိုငါပြုမည်မဟုတ်။ သင်တို့ရောက်သမျှသောအရပ်တို့ ၌ လူအမျိုးမျိုးတို့ရှေ့မှာ ရှုတ်ချသောငါ၏နာမမြတ်ကိုသာ ထောက်၍ပြု၏။ (ယေဇ ၃၆း၂၂)

–––– ငါ၏နာမတော်မြတ်အဖို့ငှါ စိတ်အားကြီးမည်။ (ယေဇ ၃၉း၂၅)

ယားဝေးကိုကြောက်ရွံ့၍ နာမတော်ကိုအောက်မေ့သောသူတို့အဘို့ ရှေ့တော်တွင်စာရင်း၌ မှတ်သားလျက်ရှိ၏။ ထိုသူတို့သည် ငါစီရင်သောနေ့၌ ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ကြလိမ့်မည်။ (မာလ ၃း၁၆–၁၇)

**<u>ဖန်ဆင်းရှင်၏ဘွဲ့ဂုဏ်ထူးများ</u> Titles**

ဖန်ဆင်းရှင်တွင် ကိုယ်ပိုင်နာမတော် (Proper Name ) တခုသာရှိသော်လည်း ဘွဲ့ဂုဏ်ထူး အများအပြား ရှိသည်။ EI / Elohim / Eloah (ဘုရားသခင်) (ထွ ၃၄း ၄၊ က ၃း ၂၊ ဆာ ၁၈း၃၁)၊Elshaddai (အနန္တတန်ခိုးရှင် ဘုရားသခင်) ( က ၁၇း ၁၊ ထွ ၆း၃)၊EL - olam (အစဉ်အမြဲတည်တော်မူသောဘုရား) (က ၂၁း၃၃၊ဆာ ၄၀း၂၈)၊El -elyon(အမြင့်ဆုံးသောဘုရားသခင်) (က ၁၄း၁၈၊၂၂၊ ဆာ ၇၈း ၃၅) စသော ဘွဲ့ဂုဏ်ထူးများအပြင် Yahweh Ra-ah (ဆာ ၂၃း၁)Yahweh Shalom (သူကြီး ၆း ၂၄)Yahweh Seboath (ပ ရ ၁း ၃)၊Yahweh Roi (ဆာ ၂၃း၁)Yahweh Shammah (ယေဇ ၄၈း ၃၅)၊ Yahweh Makaddishkem (ထွ ၃၁း၁၃)Yahweh Moshi'ek (ဟေ ၆၀း၁၆) စသော ဘုန်းတန်ခိုးပြ ဘွဲ့ဂုဏ်ထူးအများအပြားရှိသည်။

(ခ) **<u>သားတော်၏နာမတော်အကြောင်း</u>**

၁။ သားတော်၏နာမတော်သည်အဘယ်နည်း။ အဘယ်သူဆင်းလာသနည်း။ အဘယ်သူသည် လေကိုမိမိလက် နှင့်ဆုပ်ယူသနည်း။ အဘယ်သူသည်ရေကိုအဝတ်နှင့်ထုပ်ထားသနည်း။ မြေကြီးစွန်းရှိသမျှတို့ကိုအဘယ်သူ တည်စေသနည်း။ ထိုသို့ပြုသောသူ၏အမည်နှင့် သူ၏သားအမည်ကားအဘယ်သို့နည်း။ သင်ပြောနိုင် သလော။ ( သု ၃၀း၄)

(က) သားတော်သည် ခမည်းတော်၏နာမတော် (ယားဝေး)ဖြင့် (အစွဲပြု၍) ကြွလာသည်။

ငါသည်ခမည်းတော်၏ နာမတော်ဖြင့် (အစွဲပြု၍) ရောက်လာသော်လည်း သင်တို့သည်ငါ့ကိုလက်မခံ ကြ။ (ယော ၅း ၄၃)

(ခ) သားတော်၏ နာမတော်သည် သန့်ရှင်းသောဝိညာဉ်အသက်ရှူသွင်းသော (Inspired ) နာမတော် ဖြစ်သည်။

ထိုသားသည်မိမိလူတို့ကို အပြစ်မှကယ်နှုတ်ချွန် (Save/Shua (Heb) ) မည့်သူဖြစ်သောကြောင့်၊ ယားဆွား (Yahshua) ဟူသောအမည်ဖြင့်မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏ ( မ ၁း ၂၁း၊ မာ ၁း ၃၁)

သားတော်၏နာမတော်သည် အထက်အမိန့်ဖြင့် သူမမွေးခင်သတ်မှတ်ပြီးဖြစ်ပါသည်။ သားတော်၏နာမတော် မှည့်ရန် အဖေအမေကိုသော်၄င်း၊ယဇ်ပရောဟိတ်များကို၄င်း၊ ထိုခေတ်ရှင်ဘုရင် ကိုသော်၄င်း တိုင်ပင်ခြင်းမရှိ ပါ။ ကြိုက်နှစ်သက်ရာနာမတော်တခုခုကိုမှည့်ရန်လည်း အခွင့်အာဏာပေး ထားခြင်းမရှိပါ။ သင်နှင့်ကျွန်ုပ်တို့ ကိုလည်း မှည့်ပိုင်ခွင့်ပေးမထားပါ။ လက်ခံလည်းလက်ခံမည်မဟုတ်ပါ။

ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစုံ တခုမျှကောင်းကင်အောက်လူတို့ တွင်မရှိဟု ကေဖား(ပေတရု) သည်ထိုသူတို့အားမြွက်ဆို၏ (တ ၄း၁၂)ဟုဆိုထားသည့်အတိုင်း၊ ကယ်တင်ခြင်း ရရန် ယားဆွားနာမတော်တခုသာလျှင်ဖြစ်သည်။ ထို့ကြောင့် ယားဆွားမှတပါး အခြားသောနာမတော်များ ဖြင့် ကယ်တင်ခြင်း လုံးဝရရှိနိုင်မည်မဟုတ်ပါ။

၂။ **<u>သားတော်၏နာမတော်ပြောင်းလဲပါသလား</u>**

ယားဆွား မယ်ရှားသည် မနေ့ယနေ့ နောင်ကာလအစဉ် အမြဲမပြောင်းမလဲနေတော်မူ၏။(ဟေဗြဲ ၁၃း၈)

သခင်(ဘုရား)ကလည်း၊ ထိုသူ(ဆောလ်း)ကား တပါးအမျိုးသားတို့နှင့် ရှင်ဘုရင်တို့ထံသို့၄င်း၊ အစ္စရေးအမျိုးသားတို့ရှိရာသို့၄င်း၊ငါ၏နာမ(ယားဆွား) ကိုပို့ဆောင်စေခြင်းငှါ ငါရွေးကောက်သောတန် ဆာဖြစ်၏။ (တ ၉း၁၅)ဟုဆိုထားရာ၊လူမျိုးအားလုံး(တပါးအမျိုးသား(Gentile )တို့နှင့် အစ္စရေးတို့အတွက် တခုတည်းသောနာမတော်မှာ ယားဆွား ပင်ဖြစ်ပါသည်။

၃။ **ခမည်းတော်၊သားတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်၏နာမသည် ယားဆွားဖြစ်သည်။**

သင်တို့သွား၍လူမျိုးတကာတို့ကို ငါ့တပည့်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် ၏ နာမ၌ ဗတ္တိဇံကိုပေးကြလော့။ (မ ၂၈း၁၉)

ယေရုဆလင်မှမထွက်မသွားဘဲ ခမည်းတော်၏ဂတိကိုငံ့နေမည်အကြောင်းမှာတော်မူ၍ ---သင်တို့သည် မကြာမမြင့်မှီ သန့်ရှင်းသောဝိညာဉ်တော်၌ဗတ္တံဇံကိုခံကြရလိမ့်မည်ဟု မိန့်တော်မူ၏။ (တ ၁း၄-၅)

သမ္မာတရားနှင့်ပြည့်စုံသောထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။(ယော ၁၆း၁၃)

ကေဖား (ပေတရု)ကလည်း၊ သင်၏အပြစ်ကိုလွှတ်စေခြင်းငှါ၊နောင်တရ၍ တယောက်မျှမကြွင်း၊ ယာဆွားမယ်ရှား၏ နာမ၌ဗတ္တံဇံကိုခံကြလော့။ (တ ၂း၃၈)

ဤကျမ်းချက်များကိုကြည့်ခြင်းဖြင့် ခမည်းတော်၊သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမသည် ယားဆွားမယ်ရှားဖြစ်ကြောင်း သိသာသည်။ ခမည်းတော်၊သားတော်၊သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တဇံ ပေးရန်စေခိုင်းချက်ကို၊ ဂတိတော်အတိုင်း ပင်တေကုတ္တေနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်ပြသချက်ဖြင့် ခမည်းတော်၊ သားတော်၊သန့်ရှင်းသောဝိညာဉ်တော်၏ နာမသည် ယားဆွားမယ်ရှား ဖြစ်ကြောင်း ကေဖားက သိရှိသဖြင့်၊ယာဆွားမယ်ရှား၏ နာမ၌ဗတ္တိဇံကိုခံကြရန် ဟောကြားခဲ့ခြင်းဖြစ်သည်။

၄။ **ယာဆွားနာမတော်သည် သူ့ကိုယ်သူ ထုတ်ဖေါ်ပြောကြားသော နာမတော်ဖြစ်သည်။**

ကိုယ်တော်သည် အဘယ်သူနည်းဟုမေးလျှောက်၏။ ငါကားသည်ညဉ်းဆဲသော ယားဆွား ဖြစ်သတည်း။ -------( တ ၉း၅)

၅။ **အဘယ့်ကြောင့် ကျမ်းစာတော်ထဲတွင် ယားဆွား မရှိတော့သနည်း**

ခမည်းတော်၏ နာမတော်ကဲ့သို့ပင်၊ ပရောဖက်တို့၏ကြိုတင်ဟောထားချက်အတိုင်း၊ ဂရိကျမ်းစာ ဘာသာပြန်သူတို့က သူတို့၏ဘာသာဖြစ်သွားအောင် သူတို့ကိုးကွယ်သော နတ်ရုပ်ထု၏နာမတော်(Iesous / Zeus ) ဖြင့် အစားထိုးလိုက်ရာမှ ယနေ့ကျမ်းစာတော်များထဲတွင် ယားဆွားမတွေ့ရတော့ခြင်းဖြစ်သည်။ အမှန် ယားဆွားကို အသံဝဲ၍၄င်း၊ အဓိပ္ပာယ်ဖြင့်ပြန်ဆို၍၄င်း၊ ယေရှုဖြစ်လာခြင်းလုံးဝမဟုတ်ဘဲ၊နပ်ရုပ်ထု၏နာမတော်ဖြင့် အစားထိုးခြင်းသက်သက်ဖြစ်သည်။ နာမတော် (Proper ) မှန်သမျှကို အဓိပ္ပာယ်ဖြင့်၄င်း၊ အစားထိုး၍၄င်း ဘာသာပြန်ရန်လုံးဝမဟုတ်ပါ။ အသံထွက်အနီးစပ်ဆုံးဖြင့် ဘာသာပြန် (transliterate ) ရန်ဖြစ်သည်။ ကျမ်းစာတော်ပါ အမည်နာမ ( Proper Name ) အများစုကို ဘာသာပြန်သူများက အသံထွက်အနီးစပ်ဆုံးဖြင့် ဘာသာပြန်ထားသော်လည်း ခမည်းတော်နှင့်သားတော်၏နာမတော်တို့အပြင် တပည့်တော်တချို့တို့၏ နာမတော်တို့ကို အဓိပ္ပာယ်ဖြင့်၄င်း၊ အစားထိုး၍၄င်း ဘာသာပြန်ထားခြင်းမှာ ကြီးစွာသောအမှားပင်ဖြစ်သည်။ ကယ်တင်ခြင်းရရန်မရှိမဖြစ်လိုအပ်သော၊ အရေးကြီးသည့်နာမတော်ဖြစ် သောကြောင့် စာတန်း၏လှည့်ကွက်ဟုပင်ဆိုရပါမည်။

၆။ **ကယ်တင်ခြင်းရရန်တည်းသောနာမသည် ယားဆွား ဖြစ်သည်။**

ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစုံတခုမျှ ကောင်းကင်အောက် လူတို့ တွင် မရှိဟု ကေဖား(ပေတရု) သည်ထိုသူတို့အား မြွတ်ဆို၏။(တ ၄း၁၂)

အကယ်၍ ယေရှုနာမဖြင့် ကယ်တင်ခြင်းရရှိနိုင်မည်ဆိုပါက ယားဆွား နာမဖြင့်လုံးဝရရှိနိုင်မည် မဟုတ်ပါ။ထိုအတူ ယားဆွားနာမဖြင့် ကယ်တင်ခြင်းရရှိနိုင်မည်ဆိုပါက ယေရှုနာမဖြင့်လုံးဝရရှိနိုင်မည်မဟုတ် ပါ။ နာမတော်သာကွာခြင်းဖြစ်သည်ဟု ပေ့ါပေါ့တန်တန် တွက်ဆလို့မဖြစ်နိုင်ပါ။ စာတန်၏လှည့်ကွက် ထဲတွင် ရုပ်ထုကိုးကွယ်မိသူဖြစ်နေဖို့ ကြောက်စရာကောင်းပါသည်။

၇။ **ယားဆွား နာမတော်သည် ကောင်းကင်၏နိုင်ငံတော်ကိုရောက်ရန် သော့ဖြစ်သည်။**

ငါဆိုသည်ကား သင်သည်ကေဖား(ပေတရု)ဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည် ဆောက်မည်။ ---- ကောင်းကင်နိုင်ငံတော်၏သော့တို့ကိုလည်း သင်အားငါပေးမည် သင်သည်မြေကြီး ပေါ်မှာ ချည်နှောင်သမျှ ကောင်းကင်၌ချည်နှောင်လျက်ရှိလိမ့်မည်။ မြေကြီးပေါ်မှာဖြည်လွှတ်သမျှသည် ကောင်ကင်ဘုံ၌ ဖြည်လွှတ်လျက်ရှိလိမ့်မည်ဟု မိန့်တော်မူပြီးလျှင်၊ --- (မ ၁၆း၁၈-၁၉)

ဤကျမ်းချက်အရ၊ ယားဆွားကကေးဖားအားပေးရန် ဂတိပေးသည့် သော့မှာ ယားဆွားနာမတော် ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကေဖားသည် ပင်တေကုတ္တေနေ့တွင်၊

၈။ **ယားဆွားနာမတော်သည် အပြစ်ဖြည်လွှတ်ခြင်းရရန် နာမဖြစ်သည်။**

မယ်ရှား၏နာမတော်အားဖြင့် နောင်တတရားနှင့်အပြစ်လွှတ်ခြင်းတရား ယေရုဆလင်မြို့မှစသော လူမျိုးတကာတို့အား ဟောပြောရမည်။ (လု ၂၄း၄၇)

ထိုသခင်ကိုယုံကြည်သူရှိသမျှတို့သည် နာမတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်းကျေးဇူးကို ခံရကြ လတ္တံ့ဟူ၍ ---- (တ ၁၀း၄၃)

သင်၏အပြစ်ကို လွှတ်စေခြင်းငှာ၊ နောင်တရ၍ တယောက်မျှမကြွင်း၊ ယားဆွားမယ်ရှား၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ (တ ၂း၃၈၊၃၉)

၉။ **<u>ယားဆွားနာမတော်သည် ထာဝရအသက်ရရန်ဖြစ်သည်။</u>**

ယားဆွားသည် မယ်ရှားတည်းဟူသော ယားဝေး၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်ယုံမည် အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက်ရေးထားလျက်ရှိသ တည်း။ (ယော ၂၀း၃၁)

ယားဝေး၏ သားတော်၏နာမတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကိုကိုယ်တိုင်ရသည် ဟုသိစေခြင်းငှါ ဤစာကိုသင်တို့အား ရေးလိုက်၏။(၁ယော ၅း၁၃)

ထာဝရအသက်ဟူမူကား မှန်သောဧလိုဟိမ်းတဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုငှ်း၊ စေလွှတ် တော်မူသော ယားဆွားမယ်ရှားကိုငှ်း သိကျွမ်းခြင်းတည်း။(ယော ၁၇း၃)

၁၀။ ယားဆွား သည် သန့်ရှင်းသောဝိညာဉ်တော်ရရန်နာမတော်ဖြစ်သည်။

သင်၏အပြစ်ကိုလွှတ်စေခြင်းငှါ၊ နောင်တရ၍ တယောက်မျှမကြွင်း၊ ယားဆွားမယ်ရှား၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးတော်ကိုခံရကြလိမ့်မည်။
(တ ၂း၃၈)

၁၁။ **<u>ယားဆွားသည် ဗတ္တိဇံခံရန်နာမတော်ဖြစ်သည်။</u>**

သင်၏အပြစ်ကိုလွှတ်စေခြင်းငှါ။ နောင်တရ၍ တယောက်မျှမကြွင်း၊ ယားဆွားမယ်ရှား၏နာမ၌ ဗိတ္တိဇံကိုခံကြလော့။ (တ ၂း၃၈)

နောက်လိုက်တမန်တော်များသည် ယားဆွားနာမတော်ဖြင့် ဗိတ္တဇံခံကြသည်။ (တ ၂း၄၁၊၈း၁၂၊ ၃၈၊၉း၁၉၊ ၁၀း၄၃၊ ၁၆း၁၅)

၁၂။ **<u>ယားဆွားသည် ဆုတောင်းရန်နာမတော်ဖြစ်သည်။</u>**

သင်တို့သည် ငါ၏နာမကိုအမှီပြုလျက် ဆုတောင်းသမျှအတိုင်းငါပြုမည်။ ---သင်တို့သည်ငါ၏ နာမကိုအမှီပြု၍ တစုံတခုသောဆုကိုတောင်းလျှင်၊ တောင်းသည့်အတိုင်းငါပြုမည်။ (ယော ၁၄း၁၃-၁၄)

(ကိုးကားရန် - ကော ၃း၁၇)

၁၃။ **<u>ယားဆွားနာမတော်သည် စီရင်ခြင်းနှင့် ကင်းလွှတ်ရန်ဖြစ်သည်။</u>**

သားတော်ကိုယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကိုမခံရ။ မယုံကြည်သောသူမူကား၊ ယားဝေး၏ တပါးတည်းသောသား၏နာမတော်ကိုမယုံကြည်သောကြောင့် ယခုပင်အပြစ်စီရင်ခြင်းကိုခံရ၏။ (ယော ၃း ၁၈)

**<u>ယားဆွား၏ဘွဲ့ဂုဏ်ထူးများ</u> (Titles)**

ယားဆွားတွင် မယ်ရှား (**Messyah** ) ၊ရာဘီး/ဆရာ (**Rabbi**) ၊ဘုရင်/သခင် (**King**) ယဇ်ပရောဟိတ် (**Priest** ) ၊ပရောဖက် (**Prophet**) စသော ဘွဲ့ဂုဏ်ထူးများရှိသည်။ ထို့ပြင်၊ ယားဆွားတွင် ဘွဲ့ဂုဏ် ထူးများဆိုနိုင်သည့် နိူင်ယှဉ်တင်စားခေါ်ဆိုမှု အမျိုးမျိုးရှိသည်။ ၄င်းတို့မှာ -သိုးငယ် (**Sheep** ) မုန့်/အစာ (**Bread** ) ယားဝေး၏နူတ်ကပတ်တော် (**the word of Yah** ) လမ်း (**the way**) ၊သမ္မာတရား ( **the Truth** )၊ အလင်း (**Light** ) ၊ ဧမာနူအဲလ် (**Emmanuel** )၊ တံခါးမ၊ စပျစ်နွယ်ပင် (**vine** ) စသည်တို့ဖြစ်သည်။

ဤကဲ့သို့ ယားဆွားတွင် ဘွဲ့ဂုဏ်ထူးများ အများအပြားရှိသော်လည်း၊ ကိုယ်ပိုင်နာမ**(Proper Name)** တခုသာရှိသည်။

ဤသည်တို့ဖြင့်၊ ခမည်းတော်နှင့် သားတော်၏နာမတော်မြတ်တို့အကြောင်းကို ရေးသားတင်ပြလိုက် ရပါသည်။ စာဖတ်သူအယောင်စီတိုင်းအား သမ္မာတရားသိရှိသဘောပေါက်ရန် ခမည်းတော်က မျက်စိဖွင့်ပေး ပါစေ။

---------------------